နောက်ဆက်တွဲ (၆)

# သစ်တောများအုပ်ချုပ်လုပ်ကိုင်မှု (သဘာဝတောနှင့်စိုက်ခင်း) အတွက် ထောက်ခံချက်ပေးနိုင်ရန် စံနှင့်အညွှန်းများ (မူကြမ်း)အပေါ် လူထုသဘောထားမှတ်ချက်နှင့် အကြံဉာဏ်တောင်းခံရာတွင် ဆက်စပ်ပတ်သက်ပါဝင်သူများမှ ပြန်လည်ပေးပို့သော သဘောထားမှတ်ချက်/အကြံပြုချက်များအား နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲ၊ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ နှင့် မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ အစည်းအဝေးများတွင် အဆင့်ဆင့် အတည်ပြုဆုံးဖြတ်ထားသည်များကို တင်ပြခြင်း

| | |
|---|---|
| အမည် - | ဦးမင်းမင်းလတ် |
| အလုပ်အကိုင်/ရာထူး- | ဥက္ကဋ္ဌ |
| အဖွဲ့အစည်းအမည် - | Building and Wood Workers' Federation Myanmar (BWFM) |
| ပေးပို့ရက်စွဲ - | ၃၀.၆.၂၀၁၉ |

**သစ်တောအုပ်ချုပ်လုပ်ကိုင်မှုအတွက် ထောက်ခံချက်ပေးနိုင်ရန် မြန်မာ့စံနှင့် အညွှန်းများ (သဘာဝတောနှင့် သစ်တောစိုက်ခင်း)**

| စဉ် | အကြံပြုချက် | သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့် ပတ်သက်၍ အတည်ပြုဆုံးဖြတ်ချက်များ |
|---|---|---|
| ၁။ | သစ်တောထောက်ခံချက်ပြုရေးစံနှုန်းများအနေဖြင့်လူ့အခွင့်အရေးနှင့် အလုပ်သမား အခွင့်အရေး ကို အခြေခံမှုအဖြစ် အခန်း (၁) ရပ်အနေဖြင့် ထည့်သွင်းလိုကြောင်း | မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီအနေဖြင့် Universal Declaration on Human Rights ကို စံ (၁.၃)၊ အညွှန်း (၁.၃.၁)၊ ဥပဒေသ(၁) တွင် ထပ်မံဖြည့်စွက်သွားမည်ဖြစ်ပါသည်။ |
| ၂။ | အလုပ်သမားစံနှုန်းများသတ်မှတ်ရာတွင် မြန်မာနိုင်ငံ၏ တည်ဆဲအလုပ်သမား ဥပဒေ | မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ အနေဖြင့် Universal |

| | | |
|---|---|---|
| | များနှင့်အညီ ထည့်သွင်းထားခြင်းသည် မလုံလောက်ပါ။ မြန်မာနိုင်ငံတည်ဆဲ အလုပ်သမား ဥပဒေထဲပါအချက်များကိုသာ ကိုးကားထားခြင်းသည်မလုံလောက်ပါ။အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ အလုပ်သမား ဥပဒေများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံနှုန်း ( International Labour Standards) များနှင့်ကိုက်ညီမှု မရှိသောကြောင့် ဖြစ်ပါသည်။ ထို့အတွက်ကြောင့်လည်း မြန်မာနိုင်ငံမှတင်ပို့သော ကုန်စည်များကို အမေရိကန်၊ ဥရောပနိုင်ငံများနှင့် အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများ၊ တာဝန်သိသော စားသုံးသူများမှ ဝယ်ယူ စားသုံးခြင်းမရှိခဲ့သည်ကို မြန်မာနိုင်ငံအနေဖြင့် ရင်ဆိုင်ခံစားခဲ့ရပြီး ဖြစ်ပါသည်။ လက်ရှိတွင်လည်း ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအခွင့်အရေးများကို လိုက်နာ ကျင့်ကြံမှု အားနည်းခဲ့သည့်အတွက် ဥရောပနိုင်ငံ၊ အမေရိကန်နိုင်ငံများမှ ပေးအပ်ထားသည့် အထူးကုန်သွယ်ခွင့် အခွင့်အရေးမရပ်သိမ်းရေးကို မိမိတို့ အနေဖြင့် ကြိုးစားဆောင်ရွက်နေရပါသည်။ ထို့ကြောင့် Supply Chain - ကုန်စည်စီးဆင်းမှု ကွင်းဆက်တစ်ခုလုံးတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအခွင့်အရေးကို အာမခံရန် စံနှုန်း၊ အညွှန်းများအနေဖြင့် ထည့်သွင်းလိုကြောင်း၊ | Declaration on Human Rights ကို စံ (၁.၃)၊ အညွှန်း (၁.၃.၁)၊ ဥပဒေသ(၁) တွင် ထပ်မံဖြည့်စွက်သွားမည် ဖြစ်ပါသည်။ |
| ၃။ | မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)၏ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ် ပါသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၏ ပြဋ္ဌာန်းချက် | အရေးပါသော အခြေခံပြဋ္ဌာန်းချက်အမှတ် (၈)ချက် ရှိသည့်အနက် မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးထားသည်မှာ (၃) ချက်ပါဝင် ပါသည်။ |

| | | |
|---|---|---|
| | များကို လိုက်နာကျင့်ကြံရန် တာဝန်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) တွင် ပြဋ္ဌာန်းချက် အမှတ်ပေါင်း (၁၉၀) ရှိပါ သည်။ အရေးပါသော အခြေခံပြဋ္ဌာန်းချက် အမှတ် (၈) ချက်ရှိပါသည်။ ဤပြဋ္ဌာန်းချက် (၈) ခု မှာ အောက်ပါအတိုင်းဖြစ်ပါသည်။<br><br>၁။ C၀၂၉-Forced Labour Convention, 1930 (No.29), P029 – Protocol of 2014 to the Forced Labour Convention, 1930<br>အဓမ္မလုပ်အားခိုင်းစေမှု ပပျောက်ရေး ပြဋ္ဌာန်းချက် အမှတ် (၂၉)<br>၂။ C၀၈၇ – Freedom of Association and Protection of the Right to Organize Convention, 1948 (No.87)<br>လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်နှင့် စည်းရုံး ပိုင်ခွင့်ကို အာမခံရန် ပြဋ္ဌာန်းချက် အမှတ် (၈၇)<br>၃။ C၀၉၈-Right to Organise and Collective Bargaining Convention, 1949 (No.98)<br>စည်းရုံးပိုင်ခွင့်နှင့် စုပေါင်းညှိနှိုင်းတောင်းဆိုခွင့်ကို အာမခံရန် ပြဋ္ဌာန်းချက်အမှတ် (၉၈)<br>၄။ C၁၀၀ – Equal Remuneration Convention, 1951 (No.100)<br>တူညီသောအလုပ်တန်ဖိုးအတွက် တူညီသော လုပ်အားခကို ပေးဆောင်ရန် ပြဋ္ဌာန်းချက် | ၁။ C၀၂၉-Forced Labour Convention, 1930 (No.29), P029 – Protocol of 2014 to the Forced Labour Convention, 1930<br>အဓမ္မလုပ်အားခိုင်းစေမှု ပပျောက်ရေး ပြဋ္ဌာန်းချက် အမှတ် (၂၉)<br>၂။ C၀၈၇ – Freedom of Association and Protection of the Right to Organize Convention, 1948 (No.87)<br>လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်နှင့် စည်းရုံးပိုင်ခွင့်ကို အာမခံရန် ပြဋ္ဌာန်းချက်အမှတ် (၈၇)<br>၃။ C၁၈၂-Worst Forms of Child Labour Convention, 1999 (No.182)<br>ကလေးလုပ်သားများအား အဆိုးရွားဆုံး ခိုင်းစေမှု ပုံစံများအားလုံးအား ပပျောက်စေရေး ပြဋ္ဌာန်းချက် အမှတ် (၁၈၂) တို့ ဖြစ်ပါသည်။<br>၎င်း (၃)ချက်အနက် C087 – Freedom of Association and Protection of the Right to Organize Convention, 1948 (No.87)<br>လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်နှင့် စည်းရုံးပိုင်ခွင့်ကို အာမခံရန် ပြဋ္ဌာန်းချက်အမှတ် (၈၇) သည် မြန်မာနိုင်ငံ သစ်တော (၄.၃.၁)၏ ထောက်ခံချက်ပြုရေးကော်မတီ အနေဖြင့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုအတွက် |

| | | |
|---|---|---|
| | အမှတ် (၁၀၀)<br>၅။ C၁၀၅- Abolition of Forced Labour Convention, 1957 (No.105)<br>အဓမ္မလုပ်အားခိုင်းစေခြင်းကို အပြီးတိုင်အဆုံးသတ်ရေး ပြဋ္ဌာန်းချက်အမှတ် (၁၀၅)<br>၆။ C၁၁၁- Discrimination (Employment and Occupation) Convention, 1958 (No.111)<br>ခွဲခြားဆက်ဆံခြင်းမရှိစေရေး အာမခံရန် ပြဋ္ဌာန်းချက်အမှတ် (၁၁၁)။<br>၇။ C၁၃၈-Minimum Age Convention, 1973 (No.138)<br>အနိမ့်ဆုံးအလုပ်လုပ်သည့် အသက်အရွယ်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၁၃၈)။<br>၈။ C၁၈၂-Worst Forms of Child Labour Convention, 1999 (No.182)<br>ကလေးလုပ်သားများအား အဆိုးရွားဆုံးခိုင်းစေမှု ပုံစံများအားလုံးအား ပပျောက်စေရေး ပြဋ္ဌာန်းချက် အမှတ်(၁၈၂)ဤ အခြေခံ ပြဋ္ဌာန်းချက်များကို လုံးဝအာမခံပေးရန် အရေးကြီးပါကြောင်း၊ | ထောက်ခံချက်ပေးနိုင်ရန် မြန်မာ့စံနှင့် အညွှန်းများ (ဒုတိယမူကြမ်း -၂၀၁၉) ၏ ဥပဒေသ (၄)၊ စံ (၄.၃)၊ အညွှန်း အထောက်အထားများတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါသည်။<br>မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီအနေဖြင့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုအတွက် ထောက်ခံချက်ပေးနိုင်ရန် မြန်မာ့စံနှင့် အညွှန်းများ (၂၀၂၀) တွင်<br>၁။ C၀၂၉-Forced Labour Convention, 1930 (No.29), P029 – Protocol of 2014 to the Forced Labour Convention, 1930<br>အဓမ္မလုပ်အားခိုင်းစေမှု ပပျောက်ရေး ပြဋ္ဌာန်းချက် အမှတ် (၂၉)<br>၂။ C087 – Freedom of Association and Protection of the Right to Organize Convention, 1948 (No.87)<br>လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်နှင့် စည်းရုံးပိုင်ခွင့်ကို အာမခံရန် ပြဋ္ဌာန်းချက် အမှတ် (၈၇) နှင့်<br>၃။ C182-Worst Forms of Child Labour Convention, 1999 (No.182)<br>ကလေးလုပ်သားများအား အဆိုးရွားဆုံးခိုင်းစေမှု ပုံစံများအားလုံးအား ပပျောက်စေရေး ပြဋ္ဌာန်းချက် အမှတ် (၁၈၂) တို့ကို ဥပဒေသ (၄)၏ စံ (၄.၃)၊ အညွှန်း (၄.၃.၁)၊ (၄.၃.၂) နှင့် (၄.၃.၃) |

| | | |
|---|---|---|
| | | တို့အနေဖြင့် ထည့်သွင်းသွားမည်ဖြစ်ပါသည်။ |
| ၄။ | ၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် ကမ္ဘာ့အလုပ်အကိုင် လောကတွင် ကျားမအခြေပြု လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် ထိပါးနှောင့်ယှက်စော်ကားခြင်းအပါအဝင် အခြားသောအကြမ်းဖက်ခြင်းနှင့် ထိပါးနှောင့်ယှက်စော်ကား ခြင်းပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၁၉၀) ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ကုန်စည် စီးဆင်းမှု ကွင်းဆက်တစ်လျှောက်လုံးတွင် ကျား မ အခြေပြု လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် ထိပါးနှောင့်ယှက်စော်ကားခြင်းကို ကာကွယ်ပေးသည့် စံနှုန်းများထည့်သွင်းရန် လိုအပ်ပါကြောင်း၊ | ကမ္ဘာ့အလုပ်အကိုင်လောကတွင် ကျား မ အခြေပြု လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် ထိပါးနှောင့်ယှက်စော်ကားခြင်းအပါအဝင် အခြားသောအကြမ်းဖက်ခြင်းနှင့် ထိပါးနှောင့်ယှက်စော်ကားခြင်းပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၁၉၀) ကို အတည်ပြုပြဋ္ဌာန်းထားသော်လည်း မြန်မာနိုင်ငံအနေဖြင့် အတည်ပြု လက်မှတ်ရေးထိုးထားခြင်းမရှိသောကြောင့် ထည့်သွင်းခြင်းမပြုပါ။ |
| ၅။ | အလုပ်သမားများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေး၊ လုပ်အားခ အစရှိသည့် စံနှုန်းများကိုလည်း အလေးပေးထည့်သွင်းရန် အရေးကြီးပါကြောင်း၊ | အလုပ်သမားများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေး၊ လုပ်အားခ အစရှိသည့် စံနှုန်းများကို ဥပဒေသ (၄)၊ စံ (၄.၂)၊ အညွှန်း (၄.၂.၁)၊ အညွှန်း (၄.၂.၂)၊ (၄.၂.၃)၊ (၄.၂.၄)၊ (၄.၂.၅)တို့တွင် ဖော်ပြပြီးဖြစ်သောကြောင့် ထပ်မံဖြည့်စွက်ခြင်း မပြုတော့ပါ။ |
| ၆။ | အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံနှုန်းများကိုလိုက်နာ ကျင့်ကြံမှု ရှိ/မရှိ စစ်ဆေးရန်အတွက်၊ အလုပ်သမားသမဂ္ဂများနှင့် မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီတို့တွေ့ဆုံနိုင်ရန်အတွက် ယန္တရားတစ်ခုကိုလည်းဖော်ဆောင်ထားသင့်ကြောင်း၊ | မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ အဖွဲ့ဝင် ဒေါ်တင်တင်ငွေးပါဝင်ပြီး ဖြစ်သောကြောင့်ထပ်မံ ဖြည့်စွက်ခြင်းမပြုတော့ပါ။ |

| | | |
|---|---|---|
| ၇။ | အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာစံနှုန်းများကို ချိုးဖောက်မှု ရှိ/မရှိ အငြင်းပွားမှု ဖြစ်ပေါ်လာပါကလည်း မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ယန္တရားကို ဖွဲ့စည်းတည်ထောင်ထားသင့်ပါကြောင်း၊ | မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီတွင် အငြင်းပွားမှု တစ်စုံတစ်ရာရှိလာပါက ဖြေရှင်းရန် "Standard Operating Procedures (SOP 2 CAD) Complaints, Appeals and Disputes" အား ရေးဆွဲထားပြီးဖြစ်သောကြောင့် ထပ်မံဖြည့်စွက်ခြင်း မပြုတော့ပါ။ |